# ကံဆိုသည်မှာ စေတနာ

## မုဒိတာအမှာစာများ

ချစ်နိုင် (စိတ်ပညာ)

၅·၅

WE DEVELOP LEADERS
WHO DEVELOP PEOPLE
WHO DEVELOP BUSINESS.

၁၅၅ . ၅
၃၃၂
၉.၃.၂၀၁၃

# ကံဆိုသည်မှာ စေတနာ
## မုဒိတာအမှာစာများ

ချစ် နိုင် (စိတ် ပ ညာ)

**နိုင် စာပေ**
အမှတ်(၁၅၀)၊ ရတနာလမ်းမကြီး၊
ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာအနီး၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၅၀၃၂၅၄၊ ၀၉ ၄၃၂၂၆၅၂၄

**ပုံနှိပ်မှတ်တမ်း**

နိုင်စာပေ စာအုပ်အမှတ် - ၈၆

# ကံဆိုသည်မှာ စေတနာ

**ချစ်နိုင် (စိတ်ပညာ)**

မူပိုင် - ဦးချစ်နိုင်

ထုတ်ဝေသူ - ဦးကောင်းတိုက်၊ နိုင်စာပေ။ (မြ-၀၀၃၄၃) အမှတ် (၁၅၀)၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ သာကေတ၊ ရန်ကုန်။

ပုံနှိပ်သူ - ဒေါ်ဝင်းမာ စိတ်ကူးချိုချိုပုံနှိပ်တိုက် (၀၀၄၁၂) ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။

စာအုပ်ချုပ် - ကိုမြင့်

ပထမအကြိမ် - ၂၀၂၀ ခုနှစ်၊ ဧပြီလ

စောင်ရေ -

တန်ဖိုး -

www.foreverspace.com.mm

www.myanmarebook.com.mm တွင် ဖတ်ရှုနိုင်ပါသည်။

ချစ်နိုင် (စိတ်ပညာ) ၁၅၅.၅

ကံဆိုသည်မှာ စေတနာ/ချစ်နိုင်(စိတ်ပညာ)။ -ရန်ကုန် နိုင်စာပေ၊ ၂၀၂၀

၂၃၈ စာ၊ ၁၂.၈ စင်တီ × ၁၈.၅ စင်တီ

(၁) ကံဆိုသည်မှာ စေတနာ

# မာတိကာ


- ကံဆိုသည်မှာ စေတနာ
ချစ်နိုင်(စိတ်ပညာ)၏အမှာစာ ဂ

၁။ မောင်အုန်းဖေ၏ 'သူဌေးဖြစ်ဖို့' စာအုပ်တွင်ပါသည့်
မိတ်ဆက်အမှာ ၁

၂။ မောင်အုန်းဖေ၏ 'ဒီဟာအစ ဒီလိုဗျ'
စာအုပ်တွင်ပါသည့် အမှာစာ ၇

၃။ သော်တာဆွေ၏ 'ရာပြည့်အမှတ်တရ လွမ်းတသသ'
စာအုပ်တွင်ပါသည့် အမှာစာ ၁၃

၄။ 'ချစ်စံဝင်း ၈၀ ပြည့် ၊ ၈၀ ပြည့်မွေးနေ့ချိန်ခါ
စာအုပ် ၂၀၀' စာအုပ်တွင်ပါသည့် အမှာစာ ၂၅

၅။ ချစ်စံဝင်း၏ 'ငယ်ငယ်တုန်းက ရစ်ကန်ကြီးရွာမှာ'
စာအုပ်တွင်ပါသည့် အမှာစာ အမှာစကား ၂၉

၆။ 'UMFCCI 100 Years Anniversary
Magazine 1919-2019' တွင်ပါသည့် အမှာစာ ၄၁

၇။ ချစ်နိုင်(စိတ်ပညာ)၏ 'သေနင်္ဗျူဟာအတတ်ပညာ'
စာအုပ်တွင်ပါသည့် စာရေးသူ၏ နိဒါန်း ၅၁
၈။ ချစ်နိုင်(စိတ်ပညာ)၏ 'သေနင်္ဗျူဟာအတတ်ပညာ'
စာအုပ်တွင်ပါသည့် အမှာစာ ၅၈
၉။ ကျော်ကျော်လှိုင်၏ 'ရှေးမြန်မာမင်းများ၏
ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း'
စာအုပ်တွင်ပါသည့် အမှာစာ ၆၃
၁၀။ ဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း)၏
'မျက်မှောက်ခေတ် စစ်ဆင်ရေး
ထောက်လှမ်းရေးနှင့် နည်းပညာ'
စာအုပ်တွင်ပါသည့် အမှာစာ ၆၉
၁၁။ ခင်မောင်မြင့်စစ်ကိုင်း၏
'ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်'
စာအုပ်တွင်ပါသည့် အမှာစာ ၇၇
၁၂။ ခင်မောင်မြင့်စစ်ကိုင်း၏
'လူတိုင်းအတွက် လူ့အခွင့်အရေး'
စာအုပ်တွင်ပါသည့် အမှာစာ ၈၃
၁၃။ ခင်မောင်မြင့်(စစ်ကိုင်း)၏
'အတိတ်ခေါင်းဆောင်များမှ
အနာဂတ်ခေါင်းဆောင်များသို့'
စာအုပ်တွင်ပါသည့် အမှာစာ ၉၁
၁၄။ နွေးထွေး(ပုသိမ်ကြီး)၏ 'ဘဝထိုထို ထန်းရိပ်ညို'
စာအုပ်တွင်ပါသည့် အမှာစာ ၁၀၄

၁၅။ 'တပ်မတော်(လေ)နှစ်လည်မဂ္ဂဇင်း၊
အမှတ်(၂၇)၊ ၂၀၁၉' တွင်ပါသည့် အမှာစာ ၁၁၁

၁၆။ ဝေလွင်မောင်၏ 'စစ်သားမဟုတ်သော စစ်ဗိုလ်
စစ်ဗိုလ်မဟုတ်သော စစ်သားနှင့်. . .'
စာအုပ်တွင်ပါသည့် အမှာစာ ၁၂၁

၁၇။ ဝေလွင်မောင်၏
'အရှင်ဝိဝေကာနန္ဒနှင့် လောကီရေးရာစာစုများ'
စာအုပ်တွင်ပါသည့် အမှာစာ ၁၂၉

၁၈။ လေယာဉ်မှူးကြီးသိန်းဇော်၏
'ချစ်လို့ပြောသည် မှတ်ပါသည်'
စာအုပ်တွင်ပါသည့် အမှာစာ ၁၃၇

၁၉။ သိန်းထွန်း(မြဝတီ) ၏ 'တိုင်းရင်းသားလူမျိုးတို့၏
ဓလေ့ထုံးစံများ' စာအုပ်တွင်ပါသည့် အမှာစာ ၁၅၁

၂၀။ ဗိုလ်ကလေးတင့်အောင်၏
'ကိုးဆယ်ကျော် အဘိုးအို၏
တွေးတော ငေးမော ရေးသောစာများ' ၁၆၁
စာအုပ်တွင်ပါသည့် အမှာစာ


၂၁။ ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)၏
'ဇူလိုင် ၇ ရက် ရှစ်လေးလုံးနှင့် တာဝန်အထွေထွေ' နှင့်
'ဇူလိုင် ၇ ရက် ၇-၇-၁၉၆၂ ကိုယ်တွေ့ဖြစ်ရပ်များ'
စာအုပ်များတွင်ပါသည့် အမှာစာ ၁၇၅


၂၂။ မှူးခင်(ရွှေပြည်သာ)၏
'ဆင်များနှင့်အတူ' စာအုပ်တွင်ပါသည့် အမှာစာ ၁၈၅

၂၃။ ဖိုးရန်နိုင်(ကျောက်ကြီး)၏
'ဘဝအဖော်မွန်နှင့် အခြားလက်ရွေးစင်ကဗျာစု'
စာအုပ်တွင်ပါသည့် အမှာစာ ၁၉၁
၂၄။ ဖိုးရန်နိုင်(ကျောက်ကြီး)၏ 'ရာဘင်ဒြာနသ်တဂိုး၏
ဆုတောင်းနှင့် အခြားဘာသာပြန်ကဗျာများ'
စာအုပ်တွင်ပါသည့် အမှာစာ ၁၉၉
၂၅။ ကိုစစ်(HR)၏ 'လူသားတိုင်း၏ လူ့အခွင့်အရေး'
စာအုပ်တွင်ပါသည့် အမှာစာ ၂၀၉
၂၆။ စစ်နွေ၏ 'တာဝန်ကျေခဲ့ပါသည် အပိုင်း (၁/၂)'
စာအုပ်တွင်ပါသည့် အမှာစာ ၂၁၇
၂၇။ အမျိုးသားစာပေဆုရ ရတနာစိုး၏
'မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်တင်ပို့မှုသမိုင်း'
စာအုပ်တွင်ပါသည့် အမှာစာ ၂၂၁
၂၈။ ထွန်းဖောင်ဒေးရှင်းစာပေဆုရ
ဆရာ ဦးဝင်းထိန်(ဟိုတယ်/ခရီး)၏
'၄၂ နှစ်တာ ဟိုတယ်လုပ်ငန်းနှင့်
လူ့စွမ်းအားအရင်းအမြစ်'
စာအုပ်တွင်ပါသည့် မုဒိတာစကား ၂၂၉

- ရေးသားထုတ်ဝေခဲ့ပြီး စာအုပ်စာရင်း ၂၃၃
- နိုင်စာပေမှ မှာယူနိုင်သော စာအုပ်များ ၂၃၈

❑


ချစ်လို့ပြောသည်
မှတ်ပါသည်
အမှတ်တရ ရသစာစုများ
လေယာဉ်မှူးကြီးသိန်းဇော်



တိုင်းရင်းသား
လူမျိုးတို့၏
ဓလေ့ထုံးစံများ
သိန်းထွန်း(မြဝတီ)



ကိုးဆယ်ကျော် အဘိုးအို၏
တွေးတော ငေးမော ရေးသောစာများ
ဗိုလ်တလေးတင့်အောင်



ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)
B.A Hons: , R.A.S.U
သူရဲကောင်းမှတ်တမ်းဝင်
ငွေလပိုင်(၇)ရက် ရှစ်လေးလုံး
နှင့်
တာဝန်အထွေထွေ



လူသားတိုင်း၏
လူ့အခွင့်အရေး
ကိုစစ် (HR)



စစ်ငွေ
တာဝန်ကျေခဲ့ပါသည်
အပိုင်း(၁/၂)



မြန်မာနိုင်ငံ
ဆန်စပါး ထုတ်လုပ်တင်ပို့မှုသမိုင်း
အမျိုးသားစာပေဆုရ
ရတနာစိုး


၄၂ နှစ်တာ
ဟိုတယ်လုပ်ငန်း နှင့်
လူ့စွမ်းအားအရင်းအမြစ်


ဂျူလိုင်(၇)ရက်
၇.၇.၁၉၆၂
ကိုယ်တွေ့ဖြစ်ရပ်များ
မောင်တင်ထွန်း B.A (Hons)
R.A.S.U (1960-1965)


Elephant Bill
J.H. Williams
ဆင်များနှင့်အတူ
မှူးခင်(ရွှေပြည်သာ)


ဖိုးရန်နိုင်
(ကျောက်ကြီး)
ဘဝအဖော်မွှန်
နှင့်
အခြားလက်ရွေးစင်
ကဗျာစု


ရာဘင်ဒြာနသ်တဂိုး၏
ဆုတောင်း
နှင့်
အခြားဘာသာပြန်ကဗျာများ
ဖိုးရန်နိုင်(ကျောက်ကြီး)

## ဆရာ ချစ်နိုင် (စိတ်ပညာ)၏ ကိုယ်ရေးအကျဉ်း

၁။ မိခင် ဒေါ်အေးသ နှင့် ဖခင် ကျောင်းဆရာ ဦးမာတင်တို့မှ ချောက်ရေနံမြေတွင် ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်၌ မွေးဖွားခဲ့သည်။

၂။ ကြို့နီ အ. လ. ကနှင့် ချောက် အ. ထ. က(၁)တို့တွင် ပညာသင်ခဲ့သည်။

၃။ မန္တလေးတက္ကသိုလ်မှ ၁၉၇၀ ပြည့်နှစ်မှာ ဝိဇ္ဇာဘွဲ့နှင့် ရန်ကုန်တက္ကသိုလ်မှ ၁၉၈၃ခုနှစ်တွင် အသုံးချစိတ်ပညာ ဘွဲ့လွန်ဒီပလိုမာ အောင်မြင်ခဲ့သည်။

၄။ တပ်မတော်တွင် စစ်မှုထမ်းခဲ့ပြီး စစ်မှုထမ်းကောင်းတံဆိပ် ရခဲ့သည်။

၅။ စာတည်းမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များ ထမ်းဆောင်ခဲ့ပြီး စီမံထူးချွန်တံဆိပ်(ပထမဆင့်)ကို ၂၀၀၀ ပြည့်နှစ်မှာ ချီးမြှင့်ခံခဲ့ရသည်။

၆။ **"ချစ်လို့ပြောတာမှတ်ပါ"** စာအုပ်အတွက် ၁၉၉၆ ခုနှစ် လူငယ်စာပေအမျိုးသားစာပေဆု ရရှိခဲ့သည်။

၇။ **"ဘဝတစ်ခုစီမံမှု"** စာအုပ်အတွက် ၂၀၀၇ သုတစွယ်စုံ လူငယ်စာပေဆု ရရှိခဲ့သည်။

၈။ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ လေ့လာရေး၊ ချစ်ကြည်ရေးနှင့် စာပေဆိုင်ရာအစည်းအဝေးများ သွားရောက်ခဲ့သည်။

၉။ စာအုပ်ပေါင်း (၁၂၁) ရေးသားခဲ့ပြီး ဖြစ်ပါသည်။

၁၀။ လိပ်စာ အမှတ်(၁၅၀)၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ (၁၀) ရပ်ကွက် (မြောက်)။ တိုင်းရင်းသားကျေးရွာအနီး၊ သာကေတ၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။

## ''မြတ်စွာဘုရား၏ ဩဝါဒ ပါတိမောက်''

မကောင်းမှုများ ရှောင်ရှားပယ်ခွာ၊
ကောင်းမှုအပေါင်း စုဆောင်းကြပါ။
မိမိစိတ်ရင်း သန့်ရှင်းစေရာ
ဤသုံးပါး ဘုရားသာသနာ။ ။

အရှင်ဉာဏိဿရ
စစ်ကိုင်းသီတဂူဆရာတော်
(ဓမ္မပဒ-၁၈၃)

စိုက်ပျိုးရေးဦးစီးဌာန
စာကြည့်တိုက်
ရုံးအမှတ်(၄၃)
နေပြည်တော်

## ကံဆိုသည်မှာ စေတနာ
### အမှာစာ

စာရေးသူ ရေးသားသောစာအုပ်မှာ စာရေးသူကိုယ်တိုင်ရေးသောအမှာစာဖြင့် စတင်ဖွင့်ပါရစေ။

ဤစာအုပ်ငယ်၏ အမည်ကို **'ကံဆိုသည်မှာ စေတနာ'** ဟု ခေါ်ဆိုလိုက်ပါသည်။ အကြောင်းကား. . .

ဤစာအုပ်ပါအမှာစာများ၊ စာအုပ်နိဒါန်းများ၊ မိတ်ဆက်များသည် စေတနာဖြူစင်စွာဖြင့် သက်ဆိုင်ရာစာရေးဆရာ၊ ထိုသူ၏ စာအုပ်အကြောင်း စပ်မိစပ်ရာဆက်နွှယ်ရေးသားခဲ့သည့် မိမိ၏ စိတ်ခြေရာများပင် ဖြစ်ပါသည်။ လွန်ခဲ့သော လေးငါးလမှသည် ၁၀ နှစ်ကျော်၊ ၁၅ နှစ်မျှ ကြာခဲ့ပြီဖြစ်သော အတိတ်က မိမိလက်ရေးစာမူများ ဖြစ်ခဲ့ပါသည်။ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ အတိတ်ကာလဆီမှ စိတ်ခြေရာများသည် မေတ္တာအရင်းခံ

ဖြင့် ရေးခဲ့ပါ၏။ ထိုစေတနာသည် ကံအမှန်ပင် ဖြစ်ပါသည်။

ကံကို ကြိုတင်၍ မမြင်ရပေ။

စေတနာသည်ပင် ကံဖြစ်သည်။

လေးစားချစ်ခင်သော ဆရာသမားများ၊ ရဲဘော်ရဲဘက်များ၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၏ စာအုပ်အသစ်များတွင် မိမိထံ အမှာစာရေးသားပေးရန် တောင်းခံသဖြင့် (တစ်ဦးကိုမျှ မငြင်းပယ်ခဲ့ဖူးပါ)။

အခြေအနေ၊ အချိန်အခါအရ တစ်ပတ်၊ သို့မဟုတ် တစ်လအတွင်း ထိုစာမူကိုဖတ်ပြီး အမှာရေးပေးစမြဲဖြစ်ပါ၏။ ကျေးဇူးတင်ခံချင်၍လည်းမဟုတ်ပါ။ စေတနာသက်သက် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသည်ကိုပင် ကျေးဇူးတင်စွာ ဝမ်းသာဂုဏ်ယူလျက် မြန်မြန်သွက်သွက် ရေးပေးခဲ့၏။

မိမိ၏စာအုပ်များတွင်လည်း ဤကဲ့သို့ပင် ခင်မင်ရင်းနှီးသော ဆရာသမား၊ ရေးဖော်များ၊ သူငယ်ချင်းများက အမှာစာ ချီးမြှင့်အားပေးခဲ့ကြသည်ပင် မဟုတ်ပါလား။ မိမိကို ချီးမြှောက်ထောက်ကူပေးခဲ့ကြသည့် ကျေးဇူးရှင်များဟု မိမိ၏ အသည်းနှလုံးထဲတွင် ကျောက်စာထွင်းသကဲ့သို့ ကမ္ပည်းတင် မှတ်သားထားခဲ့ပါသည်။ ထိုသူတို့ကား. . .

၁။ ဆရာ ဒေါက်တာတင်ထွန်းဦး (သုတစွယ်စုံ)

၂။ ဆရာမကြီး ဒေါက်တာ မတင်ဝင်း

၃။ ဆရာကြီး လယ်တွင်းသားစောချစ် (ဦးတင်လှိုင်)

၄။ ဆရာမ မစန္ဒာ (ဒေါ်ချိုချိုတင်)
၅။ ဆရာကြီး တက္ကသိုလ်စိန်တင်
၆။ ဆရာကြီး တက္ကသိုလ်တင်ခ
၇။ ဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)
(ဦးညွန့်တင်)
၈။ ဆရာ တင်မောင်ဦး(ကြို့ပင်ကောက်)

စသည်စသည် စာပေနယ်တွင် နာမည်တစ်လုံးရရှိအောင် မိမိအား မြေတောင်မြှောက် ပျိုးထောင်ပေးခဲ့သော ကျေးဇူးရှင် ဆရာသမားများကား မနည်းလှပါ။ အယ်ဒီတာများလည်း ပါပါသည်။ မောင်ဆွေတင့်၊ မောင်မြင့်မြတ်၊ ဆရာကြီး ဦးလေးမြိုင်၊ ဆရာကြီး ဦးဌေးမောင်၊ ဆရာကြီး မောင်မြင့်ကြွယ်၊ ဆရာကြီး တက္ကသိုလ်လှကြွယ်၊ ဆရာကြီး သော်တာဆွေ၊ ဆရာမကြီး မမြတ်လေး၊ ဆရာမမလေးလုံ၊ ဆရာမ ရွှေသဥ္ဇာ၊ ဆရာနတ်နွယ်၊ ဆရာ မောင်ဝံသ၊ ဆရာ မောင်သွေးသစ်၊ ဆရာ ပျော်ဘွယ်စိုးမြင့်အောင်၊ ဆရာညိုဝင်း၊ ဆရာသံလျင်မောင်မောင်ဦး. . . စသည်စသည် မိမိကို လူချင်းမမြင်ဖူးမီကပင် စာမူကိုရွေး၍ မဂ္ဂဇင်းစာမျက်နှာပေါ်သို့ စင်တင်ပေးခဲ့ကြသည့် ဆရာသမားများ ဖြစ်ပါသည်။

ဆရာ၊ ဆရာမအချို့ကား ကွယ်လွန်သွားခဲ့ကြပေပြီ။ သူတို့ကို ကျေးဇူးမဆပ်နိုင်တော့သော်လည်း မိမိထက် ငယ်ရွယ်နုပျိုသော၊ သို့မဟုတ် စာပေနယ်သို့ နောက်ကျ၍ ဝင်ရောက်လာသော ရေးဖော် ချစ်ခင်ရသူ မိတ်ဆွေညီနောင်များကို ဖေးကူလက်တွဲ၍ အမှာစာ၊ နိဒါန်း ရေး

ပေးခဲ့ပါသည်။ နှစ်ကာလ နှစ် ၃၀ ကျော်လာသောအခါ အရေအတွက် အတော်အတန်ရှိလာခဲ့ပါတော့သည်။ ကျေးဇူးပြုပေးနိုင်ခဲ့ခြင်းကို ကြည်နူးမိပါသည်။

လက်ဝယ်ရှိသမျှနှင့် လက်လှမ်းမီသမျှ ပြန်လည်ရှာဖွေစုဆောင်းလျက် မိမိ ရေးသားတင်ပြခဲ့သော အမှာစာများကို စုစည်းတင်ပြအပ်ပါသည်။ စာပေရဲဘော်ရဲဘက်ချင်း စာအကြောင်း၊ ပေအကြောင်း၊ စာအုပ်များအကြောင်း ရင်းနှီးချစ်ခင်စွာ ဆွေးနွေးသောစာအုပ်အဖြစ် ဖတ်ရှုနိုင်ပါလိမ့်မည်။

ကျွန်တော် လေးစားချစ်ခင်သော ကလောင်အမည် တက္ကသိုလ် သုမောင် (ကြည်း ၅၆၃၅၊ ဒုတိယဗိုလ်မှူးကြီး တင်ကိုကို) တစ်ခါက ရေးခဲ့ဖူးသော စာတစ်ကြောင်းကို ကောက်နုတ်ဖော်ပြပါရစေ။

**"မည်သည့် ခုနှစ်သက္ကရာဇ်က ရေးသားခဲ့သည် ဖြစ်စေ၊ သို့မဟုတ် မနေ့တစ်နေ့က ရေးသားခဲ့သော စာပင်ဖြစ်စေ သင်မဖတ်ရသေးလျှင် ထိုစာဟောင်းသည် သင့်အတွက် အသစ်သာဖြစ်လျက် တစ်ဖန်ထိုစာဟောင်းအား ဖတ်ပြီးပြန်ကလည်း စာကောင်းလျှင် ဟောင်းသည်ဟူ၍မရှိ"**

မှန်လေသည်။ စာပေ၏ ဝိသေသလက္ခဏာသည် စာကောင်းပေကောင်းသာမှန်စေ အချိန်ကာလယန္တရားကို ကျော်လွှားဖြတ်သန်းနိုင်စွမ်းသတ္တိရှိကြောင်းကား အားလုံးသိကြပြီးသား ဖြစ်ပေသည်။

စေတနာသည် ကံဖြစ်ပါသည်။

ကံဟူသည်ကား စေတနာပေတည်း။

စေတနာကောင်းလျှင် ကံကောင်းသည်ဟု ယုံကြည်ပါ၏။ ကံ၏ ကောင်းခြင်း၊ ဆိုးခြင်းအရာကား မြော်မြင်ကြံဆ၍ မမြင်ရပေ။ သို့တစေ အဘိဓမ္မာသုတ်လာတရားတော်အရ မိမိပြုသော စေတနာ အင်အားအလိုက် ထိုက်သင့်သော ကံအကျိုးပေးတရားသည် (အဟောသိကံမှအပ) ပျောက်ပျက်မသွားဘဲ တူညီစွာ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ပေးစမြဲဖြစ်ပါသည်။

သမုဒ္ဒရာရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တိုတောင်းလှစွာသော ဘဝသက်တာတစ်ခုမှာ စာဖတ်သူများအတွက် ကောင်းကျိုးတစ်စုံတစ်ခု ရရှိစေမည့် စာအုပ်တစ်အုပ်ကို စုစည်းထုတ်ဝေနိုင်ခဲ့ကောင်းသည်ဟု ယုံကြည်စွာ တင်ဆက်ပါသည်။ စာအုပ်ကောင်းများအကြောင်း တစေ့တစောင်း ဖတ်ရှုမိသောအခါ စာကြည့်တိုက်၊ စာအုပ်ဆိုင် စသည်တို့မှာ ရှာဖွေ၍ ဖတ်မိလိုက်စေချင်ပါသည်။ စာသမားအချင်းချင်း မျှဝေခြင်း။

မမြင်လိုက်၊ မကြားလိုက်၊ သတိမမူမိခဲ့ကြသော စာပေချစ်သူ၊ စာပေဝါသနာရှင်များအတွက် ဤစာအုပ်ကောင်းလေးအချို့ကို ကြော်ငြာမောင်းသတင်း ခတ်ပေးခြင်းဟုလည်း ဆိုနိုင်ပါသည်။ စေတနာ့ဝန်ထမ်း၊ ကောင်းသတင်းဖြန့်ခြင်းသက်သက်ပါ။

စိတ်ကောင်းစေတနာပါသော အလုပ်သည် ပြုနေစဉ်၊ ပြုနေဆဲမှာပင် ကြည်နူးဝမ်းသာ ပီတိအရသာကို ခံစားရပါသည်။ ကောင်းမှုတစ်ခု ပြုဖြစ်ပေပြီဟု ဂုဏ်ယူ

ဝမ်းသာကြည်နူးပါသည်။

စာဖတ်သူများလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံကြပါစေ. . . ။

လေးစားချစ်ခင်စွာ
ချစ်နိုင်(စိတ်ပညာ)
၂၀-၂-၂၀၂၀


မောင်အုန်းဖေ
သူဌေးဖြစ်ဖို့

## မောင်အုန်းဖေ၏ 'သူဌေးဖြစ်ဖို့' စာအုပ်တွင်ပါသည့် မိတ်ဆက်အမှာ

(၁)

အကယ်၍ ကျွန်တော်သည် သစ်ပင်တစ်ပင်ဖြစ်ခဲ့လျှင် ဤအပင်ကို အသီးအပွင့်၊ အရွက်အခက် ဝေဆာလာအောင် နှစ်ပေါင်းများစွာ ရေလောင်းပေါင်းသင်၍ ယုယပျိုးထောင်ပေးခဲ့သော ကျေးဇူးကြီးမားလှသည့် ဥယျာဉ်မှူးမှာ ဤဆရာကြီး ဦးအုန်းဖေ ဖြစ်ပါသည်။

အကယ်၍ ကျွန်တော်သည် မီးကျီခဲတစ်ခဲဖြစ်ခဲ့သော် ပြာဖုံးနေသောအဖြစ်မှ အလျှံရဲရဲတောက်အောင် ယပ်ခပ်ပေးခဲ့သူမှာ ဆရာကြီး ဦးအုန်းဖေပဲ ဖြစ်ပါသည်။

အကယ်၍သာ ကျွန်တော်သည် လယ်ကွင်းများကို ရေပေးသွင်းနေသော အကျိုးပြုမြောင်းတစ်ခုဖြစ်ခဲ့သော် ပင်မရေစီး ဆည်တမံကြီးသည် စင်စစ် ဤဆရာကြီး ဦးအုန်းဖေပင် ဖြစ်ပါတော့သည်။

အကယ်၍သာ ကျွန်တော်သည် ကျောက်ကောင်းတစ်ပွင့် ဖြစ်လာခဲ့ပြားအံ့။ အနာအဆာကင်း၍ အသွေးအရောင်လက်အောင်

သွေးခဲ့သည့် ကျောက်သွေးသမားသည် ဤစာအုပ်ကို ရေးသားသော ဆရာကြီး ဦးအုန်းဖေဖြစ်ကြောင်း အတိအလင်း ဝန်ခံရပါမည်။

အဘယ်ကြောင့်ဆိုသော် ဆရာသည် ကျွန်တော့်ကို လူမှုရေး စိတ်ပညာ၊ စံလွဲစိတ်ပညာ၊ ဗေဒင်ပညာ၊ ဥပဒေပညာမှအစ ဘဝ အမြင်၊ လောကအမြင်တို့ကိုပါ စေတနာမေတ္တာ ကြီးမားစွာဖြင့် ဂယ နဏ သင်ကြားပြခဲ့သောကြောင့် ဖြစ်ပါတော့သည်။

(၂)

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝတွင် ဆရာသည် မန္တလေးတက္ကသိုလ် စိတ်ပညာဌာနမှာ လက်ထောက်ကထိက ဖြစ်ပါ သည်။ စာသင်ခန်းမမှာ ဆရာသင်ပြသော ဘာသာရပ်များကို နာယူ မှတ်သားခဲ့ရပါသည်။

ကျွန်တော် အဆောင်နေကျောင်းသားဘဝတွင် ဆရာသည် ကျွန်တော်နေသည့် ‘ရွှေပြည်အေးကျောင်းဆောင်’ အဆောင်မှူး ဖြစ် ပါသည်။ ထို့ကြောင့် ဆရာ့အဆုံးအမနှင့် ဆရာ၏ ဆွေးနွေးသင်ပြ မှုကို နေ့စဉ်လိုလို ခံယူရရှိခဲ့ပါသည်။

စာကြိုးစားသော တပည့်ကျောင်းသားကို ဆရာများက ချစ်ခင် အားကိုးတတ်သည့်သဘာဝနှင့်အညီ ဆရာက ကျွန်တော့်ကို သား သမီးနှင့်မခြား ဂရုတစိုက် သွန်သင်ပြုပြင်ပေးပါသည်။ သီချင်းဂီတ ဝါသနာထုံသော ကျွန်တော့်ကို အဆောင်မိတ်ဆုံညစာစားပွဲများမှာ သီချင်းတက်ဆိုစေခဲ့ပါသည်။

စာဖတ်ဝါသနာကြီးသော ကျွန်တော့်ကို ဘယ်သူရေးသည့် ဘယ်စာအုပ်တွေကို ဘယ်လိုဖတ်ပါဟု လမ်းညွှန်ခဲ့ပါသည်။ ဆရာ တော်ဘုရားကြီးများ ရေးသားတော်မူသော ဒီပနီ၊ ဋီကာ၊ ပန်းကုံး၊

အရသာ၊ အဘိဓမ္မာ စသည်မှသည် စုံထောက်ဝတ္ထု၊ မေတ္တာဖွဲ့ဝတ္ထုများအထိ စာပေသမုဒ္ဒရာကို မွှေနှောက်၍ ကျွန်တော့်ကို ကူးခပ်စေခဲ့ပါသည်။ ဆရာသည် စာကြည့်တိုက်ပညာဖြင့် နိုင်ငံခြားမှဘွဲ့ကိုယူခဲ့သည့် စာကြမ်းပိုးအကြီးစားကြီး ဖြစ်ပါ၏။

(၃)

ဆရာသည် ပြောရုံသာ ပြောပြသည့် ဆရာမျိုးမဟုတ်။

အလုပ်ကို လက်တွေ့လုပ်ပြ၍ ရှေ့က ဦးဆောင်နမူနာပြသည့်ဆရာမျိုး ဖြစ်ပါသည်။ ဆရာ၏ လုံ့လဝီရိယနှင့် ဆရာ၏ မေတ္တာစေတနာကို ကျွန်တော် အတုယူပါသော်လည်း အမှန်တကယ်တွင် လိုက်၍ မမီခဲ့ပါ။

ဥပမာ. . . ဆရာက အသက် ၅၀ မတိုင်မီမှာ တန်ဖိုး သိန်းရာပေါင်းများစွာတန်သော တိုက်နှစ်လုံးကို ရန်ကုန်မြို့တွင် ကိုယ်တိုင်ဆောက်၍ နမူနာပြခဲ့ပါသည်။ ကန်ထရိုက်တိုက်များ မဟုတ်ပါ။ သူ၏ ကိုယ်ပိုင်။ သို့ပါသော်လည်း ကျွန်တော်က ယခုအချိန်အထိ ခြေသလုံးအိမ်တိုင်ဘဝ၌ ရှိနေပါသေး၏။

ဆရာ ဦးအုန်းဖေ၊ ဆရာမင်းယုဝေ၊ ဆရာဌေးမောင်၊ ဆရာကြီးဦးလေးမြိုင် စသည့် စာပေဟင်းလေးအိုးကြီးများကို အကြံပေးအဖွဲ့အရာဦးထိပ်ပန်ဆင်၍ နည်းနာယူကာ ကျွန်တော် စာတည်းမှူးချုပ်လုပ်ခဲ့ရသော စာပေတိုက်ကိုတိုးတက်အောင် ဆောင်ရွက်ခဲ့ဖူးပါ၏။ ထိုအောင်မြင်မှုများသည် ဆရာကြီးတို့၏ ပညာတန်ခိုးပင် ဖြစ်ပါသည်။

ကျွန်တော့်ဘဝကို နေပမာ၊ လပမာ အလင်းရောင်ပေး၍ လမ်းပြခဲ့သော ပုဂ္ဂိုလ်ကြီးများ ရှိပါ၏။ ကျေးဇူးရှင် ဒေါက်တာကျော်စိန်၊ ဒေါက်တာစိန်တူ၊ ဦးခင်မောင်သန်း၊ ဦးခင်မောင်တင့်(တက္ကသိုလ်

ဘုန်းနိုင်) စသည်တို့နှင့်အတူ ဆရာကြီး ဦးအုန်းဖေသည်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။

တိုင်းပြည်နှင့်လူမျိုးကို တိုးတက်ကြီးပွားစေလိုသော စေတနာဆန္ဒ ကျွန်တော်တို့မှာ ထက်သန်ပြင်းပြစွာ ရှိကြပါသည်။ ဆရာကြီးများသည် သန်ရာသန်ရာ၊ စွမ်းရာစွမ်းရာ ပညာအလင်း ဖြန့်ချိခြင်းဖြင့် အမှောင်ကို ခွင်းခဲ့ကြပါသည်။ ဘဝကို လှပစေအောင် ရသကို ဆောင်ကြဉ်းမျှဝေခဲ့ကြပါသည်။

ဆရာ ဦးအုန်းဖေက လူငယ်များအတွက် လာမည့် ၂၁ ရာစု၏ စိန်ခေါ်ပွဲကို အောင်မြင်စွာ ရင်ဆိုင်ဆင်နွှဲနိုင်စေရန် ဤစာအုပ်ကို ကြိုးပမ်း၍ ပြုစုခဲ့ရပါသည်။ သူဌေးဖြစ်ရန် စိတ်ဆန္ဒထက်သန်ပြင်းပြသူတို့အတွက် လက်တွေ့ကျကျ နည်းနိသျတို့ကို အနှစ်ထုတ်၍ ပေးအပ်ခြင်းဟု ဆိုပါရစေ။

လက်ရွေးစင်စာအုပ်ကောင်းများကို ကိုးကား၍ သီဝရီသဘောတရား နားလည်အောင် ရှင်းပြသည်။ နားပေါက်အောင် ဆရာ ရေးတတ်သည်။

လက်တွေ့ဘဝနယ်ပယ်တွင် အမှန်တကယ်အောင်မြင်နေသူများကို နောက်ကြောင်းလိုက် လေ့လာစိစစ်ခြင်းနည်းဖြင့် အချိန်ယူပြီး ဆရာက သုံးသပ်ဝေဖန်ပြသည်။ ယူတတ်ကြပါလျှင် အဆီအနှစ်ကို အလွယ်တကူရစေသော အဖိုးတန်စာအုပ်ဖြစ်ကြောင်း ရဲဝံ့စွာ အာမခံလိုပါသည်။

ဆရာ့တပည့်

၉-၉-၂၀၀၀

❑

## မောင်အုန်းဖေ၏ 'ဒီဟာအစ ဒီလိုဗျ' စာအုပ်တွင်ပါသည့် အမှာစာ

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က အမေရိကန်ပြည်ထောင်စုတွင် R. Brasch အား ဘရက်ချ် ဆိုသူ စုဆောင်းပြုစုသော How dit it begin? အမည်ရှိ စာအုပ်တစ်အုပ်သည် ပေါ်ထွက်ခဲ့ဖူးလေသည်။ ထိုအချိန်ကာလလောက်တွင် မြန်မာပြည်မှ အသက် ၃၀ အရွယ်ရှိ စာကြည့်တိုက်ပညာ၊ ပညာတော်သင် လူငယ်တစ်ဦးသည် ထိုစာအုပ်ကို ဖတ်ကြည့်ပြီး အတော်ကြီး သဘောကျခဲ့ဖူးလေသည်။

သဘောကျစရာအကြောင်းကလည်း လက်တွေ့ပြစရာရှိသည်။ ဤစာအုပ်ကို ဖတ်ဖူးထားသော ထိုမြန်မာလူငယ်သည် တရုတ်လူမျိုးတွေ ဘာကြောင့် တူနဲ့ ထမင်းစားသနည်း ဟူသောအချက်မျိုးကို စစ်စစ်ပေါက်ပေါက်သိသည်။ သူ၏မိတ်ဆွေများ ထိုအကြောင်းအရာကို ကြားပင်မကြားဖူးကြချေ။ အလားတူပင် အခြားသော နှိုက်နှိုက်ချွတ်ချွတ် စပ်စပ်စုစု ရှာရှာဖွေဖွေ သူက နေရာတကာ သိပြီးဖြစ်နေသဖြင့် လူမျိုးခြား၊ လူမျိုးကွဲမိတ်ဆွေ ကျောင်းနေဖက်များ၏အကြား

ဝယ် လည်ဝယ်သူ၊ ဗဟုသုတပြည့်ဝနှံ့စပ်သူအဖြစ် ထင်ပေါ်လာလေသည်။ တကယ်စင်စစ်ကမူ အထက်ပါစာအုပ်တစ်အုပ်ကို စိတ်ဝင်စားစရာကောင်းသဖြင့် အမြီးပြန် ခေါင်းပြန် ဖတ်ထားမိသောကြောင့် အဖိုးတန်သော ဗဟုသုတအချက်တချို့ကို လွယ်ကူစွာ ဤမြန်မာလူငယ်က သိရှိနေခြင်းမျှသာ ဖြစ်ချေ၏။ အမေရိကန်ပညာတော်သင်တို့၏အလယ်မှာ ကိုဖိုးသိ ဖြစ်ခဲ့ရ၏။

နှစ်ပေါင်း ၄၀ မျှ ကြာခဲ့ပြီးနောက် မဟာဝိဇ္ဇာဘွဲ့ရ ထိုပုဂ္ဂိုလ်သည် "ဒီဟာအစ ဒီလိုဗျ" ဟူသောစာအုပ်လေးကို အမှတ်မထင်ပြန်လည်ဖတ်ရှုကြည့်မိပြန်လေသည်။ အလို ၁၉၆၀ ကာလဆီက ထိုစာအုပ်ပါ အချက်အလက်အကြောင်းအရာ စုဆောင်းဖော်ပြထားသမျှသည် ယခုအချိန်အထိလည်း တောက်ပပြောင်လက်ပြီး အဖိုးတန်ဆဲ၊ အသုံးဝင်မြဲ၊ သိလျှင် သိသူအဖို့ အကျိုးရှိနေဆဲဆိုတာ အံ့အားသင့်စရာ သတိပြုမိပြန်လေသည်။ ကောင်းပြီ၊ ဤစာအုပ်သည် စာဖတ်သူတို့အား တိုတိုကျဉ်းကျဉ်းနှင့် သိအပ်၊ သိစရာတို့ကို အလွယ်တကူ စနစ်တကျစုဆောင်းပေးထားသဖြင့် မြန်မာဘာသာသို့ ပြန်မည်ဟု ပြန်ဆိုခဲ့လေသည်။

အသက်အရွယ် ၇၀ ကျော်၊ စာဖတ်သက်နှစ်ပေါင်း ၅၀ ကျော်ရှိခဲ့သော စာပေမြတ်နိုးသူ စာပေဝါသနာအိုး၊ ဗဟုသုတအစုအဆောင်းကောင်းသူ တက္ကသိုလ်ဆရာတစ်ဦး ဖြစ်သဖြင့် ရိုးရိုးဘာသာပြန်ရုံဖြင့် အားမရ။ မြန်မာမှု၊ မြန်မာ့အစဉ်အလာမှာရှိသော ဗဟုသုတတို့ကိုလည်း အောက်ခြေမှတ်စုထုတ်၍ ရှင်းလင်းဖော်ပြပေးလေသည်။ ဥပမာ. . . ဦးဖိုးလတ် (၁၂၅၈-၁၃၂၇) ရေးသားပြုစုခဲ့သော 'မြန်မာနေ့နှင့် နှစ်အမည်များ' ဟူသောစာအုပ်မှ သုတေသနပြု တွေ့ရှိချက်များကို ဘာသာပြန်သူက အထက်ပါစာအုပ်ပါ

ဘာသာပြန်ချက်နှင့်ဆီလျော်ရာ နေရာ၌ယှဉ်လျက် မှတ်စုဖော်ပြပေး ထားခြင်းမျိုးဖြစ်သည်။

How dit it begin? စာအုပ်ကို မိမိမမြင်ဖူးသကဲ့သို့ ရှားပါးလှသော ဦးဖိုးလတ် (ယဉ်ကျေးမှုဌာနအတွင်းဝန်) သုတေသနပြုရေးသားခဲ့သည့် အထက်ပါစာအုပ်ကိုလည်း မိမိ မဖတ်ဖူးပါ။

ဘာသာပြန်ဆရာ မောင်အုန်းဖေသည် စာအုပ်အမျိုးမျိုးကို ဝါးစားသကဲ့သို့ ဖတ်သော စာပေမြတ်နိုးသူ၊ စာဖတ်ဝါသနာကြီးလွန်းလှသူဖြစ်သည့်အလျောက် သူ သိမှတ်ထားသော ကတ်သီးကတ်သတ်အချက်များသည် စာဖတ်သူအတွက် ခက်ခက်ခဲခဲရှာဖွေရမည့်အစားရှောရှောရှူရှူ ရရှိစေပါသည်။ ဥပမာ. . . မြန်မာနိုင်ငံတော်သီချင်း၊ အခြားနိုင်ငံမှ အမျိုးသားသီချင်းအကြောင်း ဘာသာပြန်ရင်း မိမိတို့၏ နိုင်ငံတော်သီချင်း စတင်ပေါ်ပေါက်ပုံကို အကျဉ်းဖော်ပြပေးထားခြင်း။ မူရင်းစာအုပ်တွင် ဗိုက်ခွဲမွေးဖွားခြင်းအကြောင်း ဘာသာပြန်ရာ၌ မြန်မာကျမ်းစာမှာလည်း ကျီးသဲလေးထပ်ဆရာတော်အရှင် မုနိန္ဒာဘိဓဇ (၁၈၁၇-၁၈၉၄) ပြုစုစီရင်တော်မူသော 'ဇိနတ္ထပကာသနီကျမ်း' ပါ ဗိန္ဒုသာရမင်းသည် မိခင်၏ဝမ်းဗိုက်ကိုခွဲ၍ မွေးဖွားခဲ့သူပင်ဖြစ်ကြောင်း၊ ကျန်းမာသန်စွမ်း၍ အသက်ရှည်ခဲ့ကြောင်း၊ ရှင်ဘုရင်အဖြစ် ၂၄ နှစ် နန်းစံခဲ့ကြောင်း မကျဉ်းမကျယ် မှတ်စုရေးပေးထားခြင်း။

မောင်အုန်းဖေကို ကျွန်တော် ကောင်းစွာသိပါသည်။ ၁၉၆၆-၇၀ တက္ကသိုလ်ပညာရပ်များကို လေးနှစ်လေးမိုး သင်ယူခဲ့ရာတွင် မန္တလေးတက္ကသိုလ်၌ ဆရာက စိတ်ပညာဘာသာရပ်များကို ပို့ချသင်ကြားရုံမျှမက စာပေဗဟုသုတများပါ ဆွေးနွေးတိုင်ပင်သင်ပြခဲ့၏။ ဗေဒင်၊ လက္ခဏာ စသည့် ပညာရပ်များပါ အံ့ဩလောက်

အောင် နှံ့နှံ့စပ်စပ် အစွမ်းပြနိုင်သူ ဆရာတစ်ဆူ ဖြစ်ပါသည်။ တက္ကသိုလ်ဘုန်းနိုင် စာရေးကောင်းသည်မှာ နိုင်ငံကျော် ဖြစ်ပါသည်။ ဆရာကြီး ဒေါက်တာကျော်စိန် အဟောအပြောကောင်းသည်မှာ တက္ကသိုလ်လောက၌ ထင်ရှားပြီးဖြစ်ပါသည်။ အထက်ပါဆရာကြီး နှစ်ဦးသည် မိမိ၏ကျေးဇူးရှင်များ ဖြစ်ကြပါ၏။ ဆရာကြီးတို့၏ အရိပ်အောက်၌ မိမိသည် လူဖြစ်လာရ၏။

ကျွန်တော်နှင့် အရင်းနှီးဆုံးဆရာမှာကား မောင်အုန်းဖေ ခေါ် ဆရာကြီး ဦးအုန်းဖေ M.A., M.S., B.L ဖြစ်လေသည်။ ဆရာ့အကြောင်းကို ကျွန်တော် အတန်အသင့် ကောင်းစွာသိသည်။ သေချာသောအချက်လေးခု ဖော်ပြနိုင်ပါသည်။

၁။ ဤစာအုပ်ကို ငွေကြေးရလိုသဖြင့် ဆရာက ပြန်ဆိုရေးသားခြင်းမဟုတ်။

၂။ ဆရာသည် စာအလွန်ဖတ်သော စာဖတ်ဝါသနာအိုး၊ စာပေမြတ်နိုးသူတစ်ဦး ဖြစ်သဖြင့် ဗဟုသုတအရာ အလွန်တရာ နှံ့စပ်ပါသည်။

၃။ စာဖတ်သူများကို ဖြူစင်လေးစားသော စေတနာဖြင့် မျှဝေခံစား သိရှိနားလည်စေလိုသောကြောင့် ဘာသာပြန်ခြင်းအမှန် ဖြစ်ပါသည်။


၄။ ဖတ်သူတို့ အကျိုးကျေးဇူးများဖွယ် ရှိလောက်သည်ဟု ယုံကြည်မိသဖြင့် စာအုပ်ဖြစ်မြောက်လာရအောင် ကျွန်တော် ကူညီစီစဉ်ဆောင်ရွက်ပါသည်။

ဤကဲ့သို့ ကောင်းကျိုးကောင်းမှုကို ပါဝင်ပြုလုပ်ရသောကုသိုလ်ကြောင့် ကျွန်တော် ရလိုသည်မှာ အကယ်၍ စာဖတ်သူများ နိုင်ငံတကာသို့ သွားရောက်ရ၍ နိုင်ငံခြားသားများနှင့် ဆက်ဆံထိ

တွေ့ရသည့်အခါမျိုးတွင် "ဪ. . . ဒီမြန်မာက တော်တော်ပဟုသုတ ပြည့်ဝသားပါကလား" ဟု နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို ကောင်းစွာ မြှင့်တင်နိုင်ပါစေသော်။ ကျွန်တော်က ပညာပဟုသုတသည် စွမ်းအားစွမ်းအင်ဖြစ်သည်ဟု ယူဆပါသည်။

၁၇-၄-၂၀၀၃

❑



# သော်တာဆွေ
## ရာပြည့်အမှတ်တရ
## လွမ်းတသသ

၁၉၁၉....၁၉၉၅....၂၀၁၉

## သော်တာဆွေ၏ 'ရာပြည့်အမှတ်တရ လွမ်းတသသ' စာအုပ်တွင်ပါသည့် အမှာစာ

## အမှတ်တရ လွမ်းစရာ သော်တာဆွေ

"ကျွန်တော့်အထင် စာရေးဆရာတို့တွင် ရှိအပ်သော စိတ်ဓာတ်နှင့်ပတ်သက်၍ကား ပြောပါရစေ။ စာရေးဆရာတို့မှာ အယူမသီးအပ်၊ တစ်ဖက်သတ်မကြည့်အပ်၊ အမျိုးဘာသာ ရန်သူမိတ်ဆွေ မုန်းသူ ချစ်သူ မခွဲခြားအပ်၊ မျက်နှာမလိုက်အပ်၊ အမှားအမှန်ကိုသာ ကြည့်ရမည်။ ယင်းအမှားအမှန်ကို ကြည့်ရာမှာလည်း အပေါ်ယံကြောနှင့် မဆုံးဖြတ်အပ်"

**သော်တာဆွေ**

ဝတ္ထုရေးနည်း၊ ဇာတ်ကောင်မွေးနည်း

၁၉၇၃၊ စာမျက်နှာ ၂၂

၁၉၉၅ ခု၊ မတ်လ ၆ ရက်နေ့ သတင်းစာထဲတွင် ဆရာသော်တာဆွေ ကွယ်လွန်ရှာပြီဟု သိရ၏။ အသက်အရွယ် ၇၆ နှစ်တွင်

ဘဝတစ်ပါးသို့ ဆရာပြောင်းရွှေ့သွားခဲ့ပြီ။

ဆရာသော်တာဆွေကို လူပုဂ္ဂိုလ်အဖြစ် မရင်းနှီးပါ။ ဆရာရေးခဲ့သော စာများနှင့်သာ ရင်းနှီးကျွမ်းဝင်ပါသည်။ ဆရာ စောစောပိုင်းက ဟာသဝတ္ထုတွေ ရေးသည်ဟု သိရသည်။ ကျွန်တော် အမှတ်ရစွဲလမ်းလောက်အောင် ထင်၍မကျန်ရစ်ခဲ့။ 'ဘွန္တော' တို့ 'အေးဆွေပေါ်အူး'တို့ ဆရာရေးစဉ်က ကျွန်တော်တို့မှာ စာအုပ်ထဲက ဟာသလုပ်လို့ လုပ်မှန်းမသိ။ မခံစားတတ်။ အသက်အရွယ် ငယ်သေးသဖြင့်မရယ်ရ။ ၁၉၄၇ မှ ၁၉၅၃ ခုနှစ်အတွင်း ဆရာရေးခဲ့သော ဟာသဝတ္ထုအပုဒ် ၁၀၀ ကျော်ကို ကျွန်တော်တို့ မမီလိုက်ပါ။ အနည်းငယ်သာတွေ့ရဖတ်ရသော်လည်း အရသာမသိ။

ဆရာ ဘဝသရုပ်ဖော်ဝတ္ထုတွေရေးတော့ ကျွန်တော်တို့ ခံစားတတ်ပြီ၊ နားလည်တတ်ပြီ၊ ကျွန်တော်တို့၏ အသက်ကလည်း မြင်တတ် ရှုတတ်သောအရွယ်သို့ ရောက်လာကြပြီ။ ဆရာကြက်အကြောင်း ရေးတာတွေ အလွန်သဘောကျသည်။ ကြက်တိုက်တာကြက်မွေးတာတွေ တယ်ပြီး သဘာဝကျကျ ကွင်းကွင်းကွက်ကွက်ပေါ်အောင် ရေးတတ်လှပါတကား။ လက်ဖျားခါရသည်။

ကျွန်တော့်အဖေက ကြက်သမားပါ။

ကျွန်တော်တို့အိမ်မှာ ကြက်ဖ ကြက်မ ကြက်ပေါက် တစ်အုပ်တစ်မ အမြဲရှိနေကြသည် မဟုတ်လား။

ကြက်အကြောင်းတွေ ဖတ်လို့ကောင်းအောင် ရေးတတ်တာမှာ ဆရာ့ကို ပါရဂူဘွဲ့ ပေးသင့်ပါ၏။

ဆရာက မြင်းလှည်းသမား ဖြစ်ခဲ့ဖူး၏။

မြင်းအကြောင်းတွေ ရေးသည့်နေရာမှာလည်း ဆရာသော်တာဆွေကတော့ မဟာဝိဇ္ဇာပါ ခင်ဗျား။

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e – Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။







နိုင် စာပေ

မြေအမှတ် (၁၅၀)၊ ရတနာလမ်းမကြီး၊ ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာအနီး၊ သာကေတ၊ ရန်ကုန်။ ဖုန်း – ၀၉ ၅၅၀၃၂၂၅၄ ၊ ၀၉ ၇၃၂၂၄၅၂၄



Clas
Ac